
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
မြို့ခောင့်သရဲ

အောင်မြတ်သာနှင့်မြို့စောင့်သရဲ
*

" တပ်မှူး... ဒီညကော ကင်းတိုပဲစောင့်ရမှာလား"

အကြပ်ရဲဘော်တစ်ဦးဖြစ်တဲ့ ငညိုက မဝံ့မရဲနဲ့ လှမ်းမေးလိုက်တာကြောင့် တပ်မှူးဖြစ်သူမင်းရာဇက မျက်မှောင်ကျုံ့ကာကြည့်လိုက်ပြီး

" ဟုတ်တယ် ညို၊ ဒီညက ကင်းတိုပဲလျှောက်ဖို့အမိန့်ရထားတယ်၊ ဘာဖြစ်လို့လဲ"

" ဘာ ဘာမှမဖြစ်ပါဘူး တပ်မှူး၊ သောစံတို့က ကင်းရှည်စောင့်ရမယ်ဆိုပြီး ပြောနေလို့ သေချာအောင်မေးကြည့်တာပါ"

" ကင်းတိုပဲဖြစ်ဖြစ် ကင်းရှည်ပဲဖြစ်ဖြစ် ကိုယ့်အလုပ်ကိုယ်တာဝန်ကျေအောင်လုပ်ကြကွယ့်၊ ညဘက် ငါကင်းစစ်လို့ တာဝန်မကျေတာတွေ့ရင် နာမယ်"

တပ်မှူးက ခပ်ထန်ထန်ပြောပြီး လှည့်ထွက်

သွားချိန် ညီ့ုက စိတ်ပျက်လက်ပျက်ဟန်နဲ့ ထိုင်ချလိုက်ရာ ခပ်လှမ်းလှမ်းမှာရပ်နေတဲ့ ထိန်က အနားရောက်လာပြီး

" ညို့.. တပ်မှူးဘာပြောသွားသေးလဲ"

" ဒီညလဲ ကင်းတိုပဲတဲ့၊ ကင်းတိုဆို မင်းရောငါရော နားလို့မရတော့ဘူးကွ၊ဒီညတော့ မယ်ခင်လေးနဲ့ တွေ့ဖို့ချိန်ထားတာကွာ"

" ငါလဲ ဒီည ကောင်းတို့နဲ့ သောက်ဖို့ပြောထားတာ အစီအစဉ်တွေတော့ ပျက်ပါပြီကွာ"

ညီတို့နဲ့ ငကောင်းက စိတ်ပျက်ပျက်နဲ့ ပြောပြီး မြို့ရိုးအပြင်မှာရှိတဲ့ ထနောင်းပင်အောက်မှာ လှဲချလိုက်ကြတယ်။ အဲဒီအချိန် ထနောင်းပင်ခွကြားထဲမှာ ခါးတောင်းကိုမြောက်နေအောင် ကျိုက်ထားတဲ့ လူတစ်ယောက်ထိုင်နေတာကို မြင်လိုက်ရတာကြောင့်

နှစ်ယောက်သား ထထိုင်လိုက်ပြီး

" ဟော့ကောင် မင်းက ဘယ်သူလဲကွ၊ ဆင်းလာစမ်း" လို့ပြောလိုက်ရာ ထနောင်းပင်ခွကြားမှာ ထိုင်နေတဲ့သူက အပင်အောက်ကိုဘုတ်ခနဲခုန်ဆင်းလာပြီး

" ငါကမင်းတို့ကိုကူညီပေးမယ့်သူပါကွ"

" ဒီကောင် လေကြီးလေကျယ်နဲ့
မင်းက ငါတို့ကိုဘယ်လိုကူညီပေးမှာလဲ"

" ဒီလိုကွာ ငါကမင်းတို့ကြုံနေရတဲ့အခက်အခဲကို သိတယ်၊ ငါ့မှာလဲ မင်းတို့မသိနိုင်တဲ့အစွမ်းတွေရှိတယ်ကွ"

" တယ်လေလုံးထွားတဲ့ကောင်ပါလား၊ မင်းမှာ ဘယ်လိုအစွမ်းတွေရှိလဲ ငါတို့ကို ထုတ်ပြစမ်း"

ညီ့ကို မျက်နှာထားတင်းတင်းနဲ့ပြောလိုက်ရာ ထနောင်းပင်ပေါ်ကနေခုန်ချလာတဲ့သူက ပါး တစ်ခြမ်းတွန့်အောင်ပြုံးလိုက်ပြီး ခန္ဓာကိုယ်ကို တစ်ပတ်လှည့်လိုက်ရာ ခါးထောင်းကျိုက်ထား တဲ့အသွင်ကနေ ညီ့ရဲ့ပုံစံအဖြစ်ပြောင်းလဲသွား တာကို မြင်လိုက်ရတယ်။

" ဟင်... မင်း မင်းက ဘယ်လိုလုပ်ပြီး ငါ့ပုံစံ အသွင်ပြောင်းနိုင်ရတာလဲ"

ညီ့စကားကြောင့် အသွင်ပြောင်းထားတဲ့ ကောင်က တခွီးခွီးနဲ့ရယ်လိုက်ပြီး

" ငါက မင်းလိုပုံစံမှမဟုတ်ဘူး၊ ဘယ်သူ့ပုံစံကို မဆို ပြောင်းလဲနိုင်တဲ့အစွမ်းရှိတယ်၊ ဒီလိုဆိုရင် မင်းတို့ကြုံနေရတဲ့အခက်အခဲကို ကူညီနိုင်မယ် လို့ထင်တယ်"

" ဒီလိုဆိုရင်တော့ အဆင်သင့်တာထက်ပိုတာ ပေါ့ကွာ၊ ဟော့ကောင် ငထိန် မင်းသဘောက ရော"

ညီစုကားကြောင့် ငထိန်က အသွင်ပြောင်း ထားတဲ့ကောင်ကို တစ်ချက်ကြည့်လိုက်ပြီး

" မင်းငါတို့ကို ကူညီမယ်ဆိုတာ သဘောရိုးရဲ့

လား၊ မင်းဘက်က လိုလားချက်ရှိမရှိငါသိချင်တယ်"

ငထိန်စကားကြောင့် ညိုအသွင်ပြောင်းထားတဲ့သူက နှုတ်ခမ်းပါးလေးတွန့်အောင်ပြုံးလိုက်ပြီး

***